# C လက်ထပ်ခြင်း ၊ ကွာရှင်းခြင်း

C လက်ထပ်ခြင်း ၊ ကွာရှင်းခြင်းထိပ်ဆုံးသို့

ဂျပန်နိုင်ငံ၏ ဥပဒေနှင့်အညီ နိုင်ငံခြားသားများ၏ လက်ထပ်ခြင်း၊ ကွာရှင်းခြင်းတို့ကို ရှင်းပြပါမည်။ ဂျပန်လူမျိုးများနှင့် ကြီးမားစွာကွာခြားချက်မှာ ဂျပန်နိုင်ငံတွင်း၌ သာမက မိမိတို့၏နိုင်ငံတွင်လည်း အကြောင်းကြားခြင်းကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် လက်ထပ်ခြင်း၊ ကွာရှင်းခြင်းနှင့်အတူ အကြောင်းကြားခြင်းအမျိုးမျိုးများလည်း မမေ့မလျော့စေဘဲ ဆောင်ရွက်ရန်လိုအပ်ပါသည်။

## 1 လက်ထပ်ခြင်း

နိုင်ငံတကာလက်ထပ်ခြင်းတွင် လက်ထပ်မည့်သူနှစ်ဦးသည် သက်ဆိုင်ရာနိုင်ငံအသီးသီး၏ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထို့အပြင် နှစ်နိုင်ငံစလုံး တွင်လည်း လက်ထပ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရန်အရေးကြီးပါသည်။

တိတိကျကျဆိုရပါလျှင် လက်ထပ်ပုံစံတင်သွင်းရမည့်အပြင် အမျိုးမျိုးသောအကြောင်းကြားလုပ်ဆောင်မှု (3 လက်ထပ်ခြင်း၊ ကွာရှင်းခြင်းနှင့်အတူ အကြောင်းကြားခြင်းအမျိုးမျိုးကိုကြည့်ရန်)များကို သက်ဆိုင်ရာဥပဒေတွင်ပြဌာန်းထား၍ မမေ့မလျော့ ဆောင်ရွက်ပါ။ ယင်းတို့ကိုလုပ်ဆောင်ရာတွင် မိမိအလုပ်ခွင် နှင့် ကျောင်းများမှတဆင့် လုပ်ဆောင်မှုများလည်း များပြား လာသောကြောင့် အလုပ်ခွင်နှင့် ကျောင်းများသို့လည်း အသိပေးပါ။

### 1-1 ဂျပန်နိုင်ငံ၏လက်ထပ်ခြင်း

ဂျပန်နိုင်ငံ၏ဥပဒေတွင် လက်ထပ်ရန်လုံလောက်မည့် အကြောင်းချင်းရာများကို အောက်ပါအတိုင်း ပြဌာန်းထားသောကြောင့် အားလုံးပြည့်စုံရပါမည်။

| |
|---|
| ·လက်ထပ်ချိန်တွင် အသက်သည် အမျိုးသား ၁၈နှစ်၊ အမျိုးသမီး ၁၆နှစ် ပြည့်ရန် (တရားမဥပဒေအပိုဒ် ၇၃၁) |
| ·အသက် ၂၀ မပြည့်သေးသောသူသည် မိဘအုပ်ထိန်းသူ၏သဘောတူမှု လိုအပ်မည် (တရားမဥပဒေအပိုဒ် ၇၃၇) |
| ·လက်ရှိအိမ်ထောင်ရှိသူ မဖြစ်စေရ (တရားမဥပဒေအပိုဒ် ၇၃၂) |
| ·အမျိုးသမီးများ နောက်အိမ်ထောင်ပြုလျှင် ဥပဒေအရ ကွာရှင်းသည့်နေ့မှ ရက် ၁၀၀ ပြည့်ပြီးဖြစ်ရမည် (တရားမဥပဒေအပိုဒ် ၇၃၃) |
| ·သွေးသားတော်စပ်သူ (ဖိုးဖွား၊ မိဘ၊ သားသမီး၊ မောင်နှမ၊ ဦးလေးအဒေါ် ) မဖြစ်စေရ။ (တရားမဥပဒေအပိုဒ် ၇၃၄) |